


# တို့အရေး



ဆေးပေါ့လိပ် တဖွာနစ်ဖွာ
ငါသာယာ နေ၏၊
စီးကရက်ကိုတော့
မီးမပျက်အောင် ငါခဲပေမဲ့
အစွဲအလမ်းမရှိ။

ကဗျာဆရာ ငါဖြစ်တော့
ငါချစ်တဲ့ အမိမြေ
အလွမ်းတွေဝေ၏။
သူတို့ပြည် သူတို့ရွာ
တိုက်တာတွေ လမ်းတွေအသစ်နဲ့
ခေတ်မီမီ ပုံစံကျ
အစစပြည့်စုံ
နတ်ဘုံလို အရောင်တောက်ပေမဲ့
ဝမ်းမြောက်ဖွယ်ရှိသော်လည်း
လွမ်းလောက်ဖွယ် မရှိ။

သူတို့မြေ သူတို့ပိုင်
သူ့နိုင်ငံ သူ့အရေး
ဝေလှစွာဘိ။
ငါတို့မြေ ငါတို့ပိုင်
ငါ့နိုင်ငံ ငါ့ကိစ္စ
သာသနာစုံ အကုန်လှစေဖို့
တ,မိပါ၏၊

တင်မိုး ၁ ၅ ၂၀၀၀